


အတွဲ ၂၊ အမှတ် ၁ | ဝါဆိုဦးစာစောင် | ဇွန် လ ၂၀၁၂

***"လူတိုင်း သက်ရှည် ကျန်းမာဖို့ သုတေသနဖြင့် အကျိုးပြုစို့ "***

## "ကြက်ဥမှ မွေပွေးဆိပ်ဖြေဆေး သုတေသနပြုထုတ်လုပ်ရာတွင် အသုံးပြုမည့် ဓါတ်ခွဲခန်းသုံးပစ္စည်းများ လွှဲပြောင်းလက်ခံပွဲအခမ်းအနားကျင်းပခြင်း"

၂၀၁၂ ခုနှစ် မတ် လ ၁၅ ရက်နေ့ နံနက် ၉နာရီတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက် အစည်းအဝေးခန်းမ၌ ဂျပန်နိုင်ငံ The Grassroot Grant Assistance Scheme (GGA)မှ ဓါတ်ခွဲခန်းသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ Minister/ Counselor Mr. Murayama၊ ဒုတိယအတွင်းဝန် Mr. Nakaya, GGA မှ Coordinator, Miss Yasuda နှင့် ကျန်းမာရေးဝန်ကြီး ဌာန အောက်ရှိ ဦးစီးဌာနများနှင့် ဆေးရုံများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံမှ စက်ရုံမှူး ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများ၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးခင်၊ ဒုတိယညွှန်ကြားရေး မှူးချုပ် ဒေါက်တာရဲထွဋ် နှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပါသည်။









အခမ်းအနားတွင် ညွှန်ကြားရေးမှူး (သုတေသန) ဒေါက်တာလှိုင်မြတ်သူမှ ကြက်ဥမှ မြွေပွေးဆိပ်ဖြေဆေး သုတေသနပြုထုတ်လုပ်ရာတွင် အသုံးပြုမည့် ဓါတ်ခွဲခန်းသုံးပစ္စည်းများလွှဲပြောင်းလက်ခံပွဲ အခမ်းအနားကျင်းပရခြင်းကို ရှင်းလင်းတင်ပြပါသည်။





ယင်းနောက် Minister/Counselor Mr. Murayama မှ အမေရိကန် ဒေါ်လာ ၁၀၅,၃၈၀ တန်ဘိုးရှိ ဓာတ်ခွဲခန်းသုံး အဆင့်မြင့် ခေတ်မီ စက်ပစ္စည်း(၁၄)မျိုးလှူဒါန်းရခြင်း အကြောင်းကို ပြောကြားပြီး လှူဒါန်းသည့်ပစ္စည်းစာရင်းကို လွှဲပြောင်းပေးအပ်ရာ ခေတ္တညွှန်ကြားရေးမှူးချုပ်မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ချီးမြှင့်၍ ကျေးဇူးတင်စကား ပြောကြားပါသည်။ အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ၊ အမှတ်တရ စုပေါင်းဓါတ်ပုံရိုက်ကြပါသည်။





ထို့နောက် ဒုတိယဝန်ကြီး ဦးဆောင်၍ လှူဒါန်းထားသောပစ္စည်းများအား ကြက်ဥမှ မြွေပွေးဆိပ်ဖြေဆေး သုတေသနပြု ထုတ်လုပ်သည့် အဆင့်မြင့်ဓါတ်ခွဲခန်းတွင် တပ်ဆင်အသုံးပြုထားမှုကို လှည့်လည်စစ်ဆေးကြည့်ရှုကြပါသည်။

## "ကျန်းမာရေးဝန်ကြီးဌာန၊ ဓမ္မာရုံကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ အစည်းအဝေးကျင်းပခြင်း"

ကျန်းမာရေးဝန်ကြီးဌာန၊ ဓမ္မာရုံကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ (ပထမအကြိမ်) အစည်းအဝေးကို ၂၀၁၂ ခုနှစ် မတ် လ ၁၅ ရက် နံနက် ၁၁နာရီတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဇီဝဆေးပညာသုတေသန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် တက်ရောက်၍ အမှာစကားပြောကြားပါသည်။ အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများ၊ ဆေးတက္ကသိုလ်များ၊





ဆေးရုံကြီးများမှ ဓမ္မာရုံကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး အစည်းအဝေးတွင် ဓမ္မာရုံကြီးကြပ် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာရဲထွဋ် မှ ၂၀၁၁ ခုနှစ်အတွင်း သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ကော်မတီ၏ဘဏ္ဍာရေးအခြေအနေကို ရှင်းလင်း တင်ပြပါသည်။ အစည်းဝေး တက်ရောက်သူများမှ အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးပြီးနောက် ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် မှ နိဂုံးချုပ် လမ်းညွှန်အမှာစကားပြောကြားပြီး အစည်းအဝေးကို နေ့လည် ၁၂နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

## “ဂျပန်သုတေသနပညာရှင်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း”

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် ၂၀၁၂ ခုနှစ် မတ် လ ၁၅ ရက် မွန်းလွဲ ၁နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ ညှိနှိုင်းခန်းမ ၌ ဂျပန်နိုင်ငံ၊ အိုကာယာမားတက္ကသိုလ်မှ Prof. Okada ဦးဆောင်သော ဂျပန်သုတေသနပညာရှင်အဖွဲ့အား လက်ခံတွေ့ဆုံပါသည်။ ထိုသို့ တွေ့ဆုံရာတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး နှစ်နိုင်ငံသုတေသနပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအကြောင်းကို အပြန်အလှန် ဆွေးနွေးကြပါသည်။






## “၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဆောင်ရွက်မှု လုပ်ငန်းများပြန်လည်သုံးသပ်ခြင်း အစည်းအဝေး”

ကျန်းမာရေးဝန်ကြီးဌာန၊ ၂၀၁၁ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဆောင်ရွက်မှုလုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကို ၂၀၁၂ ခုနှစ် မေ လ ၂၆ ရက် နံနက် ၈:၀၀နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက် အစည်းအဝေးခန်းမတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပါသည်။ အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ဆေးတက္ကသိုလ်များမှ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပါသည်။






ရှေးဦးစွာ ညီလာခံကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်မှ သုတေသနညီလာခံလုပ်ငန်းများအား သုံးသပ်တင်ပြပါသည်။ ဆက်လက်၍ ၁၉၉၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ၁၄ နှစ်တာကာလအတွင်း ဦးစီးဌာနအလိုက် သုတေသနစာတမ်း ဖတ်ကြားမှုအခြေအနေ၊ ဆုရရှိခဲ့သော စာတမ်းများ၊ ပိုစတာများ၊ ဆောင်ရွက်ခဲ့သော Symposia များ၊ ဖြန့်ဝေခဲ့သော စာရွက်စာတမ်းများကို တင်ပြပါသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများကပိုင်းဝန်းဆွေးနွေးအကြံပြုတင်ပြကြပြီး အစည်းအဝေးကို နံနက် ၁၀:၀၀နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

## “ရွှေရတုအကြို ပညာရပ်ဆိုင်ရာဟောပြောပွဲကျင်းပခြင်း”

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ရွှေရတုအကြိုလုပ်ရှားမှုအဖြစ် ပညာရပ်ဆိုင်ရာဟောပြောပွဲကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ လ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် Auditorium ခန်းမတွင်ကျင်းပရာ ဂုဏ်ထူးဆောင်ဆေးသုတေသန ပညာရှင် ဒေါက်တာဦးအောင်သန်းဘတူမှ သဘာပတိအဖြစ်ဆောင်ရွက်ပါသည်။ ဟောပြောပွဲတွင် ညွှန်ကြားရေးမှူး(ငြိမ်း) (WHO/SEARO) ဒေါက်တာသန်းစိန် မှ Genomics and Public Health: Beyond Base-Pair to Bed-Side၊ ညွှန်ကြားရေးမှူး(သုတေသန) ဒေါက်တာလှိုင်မြတ်သူ မှ Genomics and Public Health: Hope for a Healthier Furture ၊ ဒုတိယညွှန်ကြားရေးမှူး(သုတေသန) ဒေါက်တာဦးတင်ဦး မှ Malaria Parasite Genome and Public Health Implications ခေါင်းစဉ်တို့ဖြင့် ဟောပြောကြရာ တက်ရောက်လာကြသော သုတေသီများမှ မေးမြန်းဆွေးနွေး အကြံပြုကြပါသည်။ ထို့နောက် ဒေါက်တာဦးအောင်သန်းဘတူနှင့် ဟောပြော ကြသူများအမှတ်တရဓာတ်ပုံရိုက်ကူးကြပြီး ဟောပြောပွဲကို ညနေ ၃နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။








## “ဂုဏ်ထူးဆောင်သုတေသနပညာရှင်ကြီးများအားဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခြင်း”

ဂုဏ်ထူးဆောင်ဆေးသုတေသနပညာရှင်ကြီးများအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခြင်း အခမ်းအနားကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက် နံနက် ၁၁း၃၀ နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) Auditorium ခန်းမတွင် ကျင်းပခဲ့ပါသည်။ ယင်းနေ့လယ်စာဧည့်ခံပွဲသို့ ဂုဏ်ထူးဆောင်ဆေးသုတေသနပညာရှင် ဒေါက်တာဦးမြတူနှင့် ဇနီး ဒေါ်ခင်သက်ထား၊ ဒေါက်တာဦးအောင်သန်းဘတူနှင့် ဇနီး ဒေါက်တာဒေါ်ခင်ခင်ထွေး၊ ဒေါက်တာဦးကိုကို၊ ဒေါက်တာဒေါ်မြင့်မြင့်ခင်၊ ဒေါက်တာဦးထွန်းဖေနှင့်ဇနီး ဒေါက်တာဒေါ်စန်းမြ၊ (အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီးများ၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြ ပါသည်။ ထို့နောက် အမှတ်တရ စုပေါင်းဓါတ်ပုံရိုက်ကူးပြီးနောက် နေ့လယ်စာသုံးဆောင်ကြပါသည်။






## "ထိုင်းနိုင်ငံမှ ပညာရှင်များနှင့် တွေ့ဆုံခြင်း"

၂၀၁၂ ခုနှစ် မတ် လ ၃ ရက် နံနက် ၁၀ နာရီ တွင် ထိုင်းနိုင်ငံ, ဘန်ကောက်မြို့ Thai Red Cross Society Queen Saovabha Memorial Institute မှ Deputy Director, Professor Sumana Khomvilai နှင့် Emeritus Professor of Medicine, Professor Visith Sitprija တို့သည် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဇီဝဆေးပညာ သုတေသန အစည်းအဝေးခန်းတွင် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ မြွေကိုက်ရောဂါသုတေသနပညာရှင်များနှင့် တွေ့ဆုံ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့၏ညှိနှိုင်းချက်ဖြင့် မြန်မာနိုင်ငံ၏မြွေပွေးဆိပ်ဖြေဆေးထုတ်လုပ်မှုနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးနိုင်ရေး (Technical Assistance for Increasing the production Anti-snake Venom in Myanmar) အတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။







ထို့နောက် ထိုင်းနိုင်ငံမှ ပညာရှင်များသည် ရောဂါရှာဖွေရေးနှင့် ကာကွယ်ဆေးသုတေသနအဆောက်အအုံရှိ ကြက်ဥမှ မြွေပွေးဆိပ်ဖြေဆေး သုတေသနပြု ထုတ်လုပ်သောဓာတ်ခွဲခန်းသို့ သွားရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ပါသည်။

## " နီပေါနိုင်ငံမှ ပညာရှင်များ လာရောက်တွေ့ဆုံခြင်း"

၂၀၁၂ ခုနှစ် မတ်လ ၁၆ ရက်၊ မွန်းလွဲ ၂:၃၀နာရီတွင် နီပေါနိုင်ငံ National Planning Comission မှ Prof. Dr. Shiba Kumar Rai နှင့် Patan Academy of Health Sciences မှ Founding Vice Chancellor Arjun Karki တို့သည် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်အား လာရောက်၍ ဂါရဝပြုနှုတ်ဆက်ကြပါသည်။ ထို့နောက် ဇီဝဆေးပညာသုတေသနအစည်းအဝေးခန်း၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ် ဦးဆောင်သော ညွှန်ကြားရေးမှူးများအဖွဲ့၊ သက်ဆိုင်ရာဌာနခွဲမှူးများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံသုတေသန ဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို တင်ပြဆွေးနွေးဖလှယ်ခဲ့ကြပါသည်။






ထို့အတူ နီပေါနိုင်ငံ Ministry of Health and Population မှ Secretary Professor Dr. Praveen Mishra သည် ၂၀၁၂ ခုနှစ် ဧပြီ လ ၂၇ ရက် မွန်းလွဲ ၂ နာရီ တွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ်အား လာရောက်တွေ့ဆုံပါသည်။ ထို့နောက် လူမှုဆေးပညာသုတေသနအစည်းအဝေးခန်းမတွင် ညွှန်ကြားရေးမှူး (သုတေသန) ဒေါက်တာဝင်းအောင်မှ Profile of DMR (LM) နှင့် National Health Research Programme အကြောင်းတို့ကို ရှင်းလင်းတင်ပြခဲ့ပါသည်။ နှစ်နိုင်ငံလက်ရှိဆောင်ရွက်လျက်သည့် ဆေးပညာရပ်နှင့်

   

ဆေးသုတေသနပညာရပ်ဆိုင်ရာကိစ္စတို့ကို အကျယ်တဝင့်ဆွေးနွေးကြ၍ အကြံပြုအမြင်ခြင်းဖလှယ်ခဲ့ကြပါသည်။ အထက်ပါတွေ့ဆုံပွဲသို့ WHOဌာနေရုံး မှ ဒေါက်တာဦးစံရွှေဝင်းနှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) မှ ညွှန်ကြားရေးမှူးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

## "WHO/SEARO မှ ငှက်ဖျားရောဂါ အတိုင်ပင်ခံ ပညာရှင်လာရောက်ခြင်း"

၂၀၁၂ ခုနှစ် မတ်လ ၁၉ ရက် နံနက် ၁၁နာရီတွင် WHO/SEARO မှ ငှက်ဖျားရောဂါအတိုင်ပင်ခံပညာရှင် Dr. Cecil သည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဇီဝဆေးပညာသုတေသနအစည်းအဝေးခန်းမတွင် ဤဦးစီးဌာနမှ ညွှန်ကြားရေးမှူး(သုတေသန) ဒေါက်တာဝင်းအောင်၊ ညွှန်ကြားရေးမှူး(သုတေသန) ဒေါက်တာမြတ်ဘုန်းကျော်၊ သုတေသနမှူး ဒေါက်တာကေသွယ်ဟန်၊ ကျန်းမာရေးဦးစီးဌာန National Malaria Control Programme မှ ဒေါက်တာသာထွန်းကျော်တို့နှင့်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

   

အထက်ပါဆွေးနွေးပွဲတွင် ၂၀၁၂ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပမည့် Workshop on Quality Management System Assessment အတွက် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကို တင်ပြညှိနှိုင်းခဲ့ကြပါသည်။ ထို့နောက် Dr. Cecil သည် ဤဦးစီးဌာန WHO Collaborating Centre for Research and Training on Malaria ၏ဌာနခွဲတစ်ခုဖြစ်သည့် Parasitology Research Division သို့ သွားရောက်လေ့လာကြည့်ရှုခဲ့ပါသည်။

## "Seoul National University Hospital မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံခြင်း"

၂၀၁၂ ခုနှစ် ဧပြီ လ ၅ရက် နံနက် ၁၀:၀၀ နာရီတွင် Seoul National University Hospital (SNUH), Transplantation Centre and Research Institute မှ Director Dr. Curie Ahn ဦးဆောင်သော အဖွဲ့ဝင် ၆ ဦးတို့သည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) မှ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် သက်ဆိုင်ရာသုတေသနပညာရှင်များသည် လူမှုဆေးပညာသုတေသနအစည်းအဝေးခန်းမ၌ တွေ့ဆုံ ဆွေးနွေးကြပါသည်။ အထက်ပါဆွေးနွေးပွဲတွင် အနာဂါတ်ကာလ၌ သုတေသနကဏ္ဍနယ်ပယ်အသီးသီးတွင် နှစ်ဦးနှစ်ဘက် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို တက်ရောက်လာသူများမှ ညှိနှိုင်းဖလှယ်ခဲ့ကြပါသည်။

   

## National Institute of Health, USA မှ အဖွဲ့နှင့်တွေ့ဆုံဆွေးနွေးခြင်း

အမေရိကန်နိုင်ငံ၊ US Department of Health and Human Services, National Institute of Health မှ Associate Director for International Research, Dr. Roger I Glass နှင့် Health Attache Elizabeth F. Yuan တို့သည် ၂၀၁၂ ခုနှစ် မေ လ ၁၉ ရက် မွန်းလွဲ ၂:၃၀နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဧည့်ခန်းမတွင် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးမျိုးခင်အား လာရောက်တွေ့ဆုံခဲ့ပါသည်။ အဆိုပါတွေ့ဆုံပွဲတွင် Malaria, Rota virus, Dengue, Rabies, Influenza နှင့် Hib vaccine တို့နှင့် ပတ်သက်သော သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးဖလှယ်ခဲ့ကြပါသည်။ အထက်ပါဆွေးနွေးပွဲသို့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပါသည်။






## "ဝမ်းပျက်ဝမ်းလျှောရောဂါထိန်းချုပ်ရေးနှင့်ဖြစ်ပွားမှုလျော့ချရေး ရည်မှန်းချက်များ အောင်မြင်ရေးလုပ်ငန်းများ အထောက်အကူပြုသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း"

မြန်မာနိုင်ငံအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါထိန်းချုပ်ရေးနှင့် ဖြစ်ပွားမှုလျော့ချရေးရည်မှန်းချက်များ ထမြောက်အောင်မြင်ရေးလုပ်ငန်းများတွင် အထောက်အကူပြုမည့် "The Impact of Climate Change on Diarrhoeal Diseases in Myanmar" သုတေသနလုပ်ငန်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို (၈.၃.၂၀၁၂) မှ(၁၀.၃.၂၀၁၂) ထိ ကျင်းပခဲ့ရာတွင် ပထမနေ့ကို ရန်ကုန်မြို့ Summit Parkview Hotel၊ ဒုတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံနှင့် တတိယနေ့အစီအစဉ်များကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ပထမနေ့ဖွင့်ပွဲအခမ်းအနားသို့ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး၊ ဗဟိုကူးစက်ရောဂါနှိမ်နင်းရေး (CEU) မှ တာဝန်ရှိသူများ၊ လှိုင်သာယာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းဆရာများ နှင့် သင်တန်းသား စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့ကြပါသည်။







ဆွေးနွေးပွဲတွင် ယခုအခါ ကမ္ဘာနှင့်တဝှမ်း တွေ့ကြုံနေကြရသော ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဖြစ်စဉ်များကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုပုံစံပြောင်းလဲမှုများကို လေ့လာပြီး၊ ရှေ့လာမည့်နှစ်များအတွက် ကြိုတင်ခန့်မှန်း တွက်ဆပြီး လိုအပ်သည့်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များအတွက် ကြိုးပမ်းကြရန်ဖြစ်သဖြင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) မှ သုတေသီများနှင့် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူပညာရှင်များသည် တစ်ခုတည်းသော

အဖွဲ့အစည်းပုံသဏ္ဍာန်ဖြင့် ဆောင်ရွက်မည့် အဆိုပါသုတေသနလုပ်ငန်းရပ်ဆိုင်ရာ အချက်အလက်ကောက်ယူရေးလုပ်ငန်းများ စနစ်တကျမှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် စာတွေ့လက်တွေ့လေ့ကျင့်သင်ကြားရန်၊ တွေ့ကြုံရမည့် အခက်အခဲများကို ဖြေရှင်းရန်နှင့်ရှေ့လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာအလုပ်တာဝန်များ အသီးသီးခွဲဝေသတ်မှတ်ရန် တို့ကို ဦးတည်၍ဆွေးနွေးညှိနှိုင်းကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲနောက်ဆုံးရက်တွင် အဆိုပါသုတေသနလုပ်ငန်းအတွက် ရှေ့ဆက်လုပ်ဆောင်ရန် အချိန်ဇယား၊ တာဝန် ခွဲဝေမှု နှင့် လုပ်ငန်းတာဝန်အရပ်ရပ်ကို တိကျစွာရေးဆွဲချမှတ်နိုင်ခဲ့ပါသည်။

## “Cytogenetic and Molecular Technique အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း ”

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) နှင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Chulabhorn ဆေးရုံတို့ ပူးပေါင်းကျင်းပသော Cytogenetic and Molecular Technique for Detection of haematological malignancies အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ၂၀၁၂ ခုနှစ် မေ လ ၇ ရက်နေ့ နံနက် ၉:၃၀ တွင် ဤဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးမျိုးခင်မှ အဖွင့်အမှာစကားပြောကြားပြီး Chulabhorn Hospital မှ Dr. Chintana Tocharo Entanaphol မှလည်း နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။






အထက်ပါအခမ်းအနားသို့ ဆေးတက္ကသိုလ်နှင့် ဆေးရုံကြီးများမှ ပါမောက္ခများ၊ ရောဂါဗေဒပညာရှင်များ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) မှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဌာနခွဲမှူးများနှင့် သင်တန်းသား (၁၅) ဦး တက်ရောက်ခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲကို ၇-၅-၂၀၁၂ မှ ၁၁-၅-၂၀၁၂ နေ့အထိ ဆေးသုတေသနဦးစီးဌာန ရောဂါပိုးဗေဒသုတေသနဌာနခွဲနှင့် ဆေးဘက်ဆိုင်ရာအနုမြူသုတေသနဌာနခွဲတို့တွင် စာတွေ့လက်တွေ့ သင်ကြားလေ့လာ ဆောင်ရွက်ခဲ့ကြပါသည်။

## Institutional Ethical Review Board, (DMR-LM) ကို နိုင်ငံတကာအဆင့်အထိ အသိအမှတ်ပြုခံရခြင်း

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၏ လူပုဂ္ဂိုလ်များအပေါ် သုတေသနစမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်ကော်မတီ (Institutional Ethical Review Board) ကို အမေရိကန်ပြည်ထောင်စု၏ Department of Health and Human Services (DHHS) နှင့် Office for Human Research Protections (OHRP) မှ အသိအမှတ်ပြုခြင်းနှင့် Institutional Review Board (IRB) နှင့် Federal Wide Assurance (FWA) Registration တို့ကိုလည်း ၂၀၁၂ ခုနှစ် မေ လတွင်ရရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဆေးသုတေသနဦးစီးဌာန အောက်မြန်မာပြည်)၏ Institutional Ethical Review Board သည် နိုင်ငံတကာအဆင့်အထိ အသိအမှတ်ပြုခံရသည့် ကော်မတီဖြစ်လာခဲ့ပြီ ဖြစ်ပါသည်။

## “ကာကွယ်ဆေး သုတေသနဌာန အသစ်တီထွင် ဖွဲ့စည်းခွင့်ပြုခြင်း”

၂၉-၃-၂၀၁၂နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၂)၏ သဘောတူညီချက်အရ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ကာကွယ်ဆေးသုတေသနဌာနကြီး(Vaccine Research Centre) ကို ညွှန်ကြားရေးမှူး(သုတေသန)တစ်ဦး အပါအဝင် အရာထမ်း ၁၁ ဦး၊ အမှုထမ်း ၂၅ ဦး ၊ စုစုပေါင်း ဝန်ထမ်း ၃၆ ဦး တို့ဖြင့် ၂၀၁၂ ခုနှစ် ဧပြီ လ ၂၃ရက်နေ့မှ စ၍ တီထွင်ဖွဲ့စည်းခွင့်ပြုလိုက်သည်။

အထက်ပါသုတေသနဌာနကြီးတွင် နည်းပညာဖွံ့ဖြိုးရေးဌာနခွဲ (Technology Development Division)၊ အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ (Quality Control Division) နှင့် အရည်အသွေးအာမခံရေးဌာနခွဲ (Quality Assurance Division) တို့ ပါဝင်ပါသည်။ ကာကွယ်ဆေးနှင့်ပတ်သက်သောသုတေသနလုပ်ငန်းများ၊ နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေး အစဉ်အမြဲတိကျမှန်ကန်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## “(ရွှေရတုအကြို) (၄၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပခြင်း”

ဆေးသုတေသနသမိုင်းကြောင်းကို သိရှိရန်နှင့် အဆင့်ဆင့်တိုးတက်ဆောင်ရွက်လာခဲ့ပုံများကို နောင်လာ နောက်သားများ စံနမူနာယူနိုင်ရန်နှင့် ဆေးသုတေသနအတွေ့အသက်အစဉ်အလာများ အမြဲရှင်သန်၍ ပြည်သူ့အကျိုးပြု ဆေးသုတေသန လုပ်ငန်းဆောင်ရွက်လိုစိတ်များ နိုးကြားတက်ကြွနေစေရန် ရည်ရွယ်၍ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၏ (ရွှေရတုအကြို) (၄၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) Auditorium ခန်းမတွင် ၂၀၁၂ခုနှစ်၊ ဇွန်လ (၁၁)ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးရဲထွဋ် မှ အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) ဒေါက်တာဒေါ်မာမာငြိမ် မှ အမှတ်တရစကားများ ပြောကြားခဲ့ပါသည်။






အခမ်းအနားတွင် သုတေသနပညာရပ်များ ဖွံ့ဖြိုးတိုးတက်ပြန့်ပွားစေရန် အထောက်အကူပြုစေမည့်ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲများကျင်းပရာ သဘာပတိအဖြစ် ဂုဏ်ထူးဆောင်ဆေးသုတေသနပညာရှင် ဒေါက်တာ ဦးကိုကို မှ ဆောင်ရွက်ပြီး ညွှန်ကြားရေးမှူး(ငြိမ်း)ဒေါက်တာဦးအေးကျော်မှ “Biomedical Research: Making the World a Better Place”၊ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာဦးသန်းထွန်းစိန်မှ “Performing Research: Learning and Sharing to Leave Legacy”၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးရဲထွဋ်မှ “Shedding a Light on Pathway to Successful Research” ခေါင်းစဉ်များဖြင့် မှတ်သားဖွယ်၊ စိတ်ဝင်စားဖွယ် ဟောပြောခဲ့ကြပါသည်။ အခမ်းအနားတွင် မှတ်တမ်းတင်ဓါတ်ပုံများ၊ စာမူ၊ ကဗျာနှင့် ကာတွန်းများပါဝင်သော နံရံကပ်စာစောင်ကိုလည်း ပြသခဲ့ပါသည်။








အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အငြိမ်းစားဝန်ထမ်းများ၊ သုတေသီများ၊ ဝန်ထမ်းများနှင့် အထူး ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြပြီး နေ့လည်စာဖြင့်တည်ခင်းဧည့်ခံခဲ့ပါသည်။

## “သုတေသနဆိုင်ရာဟောပြောပွဲများကျင်းပခြင်း”

### “*Anopheles rampae*, a new species in the Maculatus group”

၂၀၁၂ ခုနှစ် ဇွန် လ ၄ ရက် မွန်းလွဲ ၂:၀၀နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာ စာကြည့်တိုက် Auditorium ၌ ထိုင်းနိုင်ငံ, ချင်းမိုင်တက္ကသိုလ် မှ Associate Professor Pradya Somboon Department of Parasitology, Faculty of Medicineသည် အထက်ဖော်ပြပါခေါင်းစဉ်ဖြင့် ဟောပြောပွဲပြုလုပ်ခဲ့ ပါသည်။



အဆိုပါဟောပြောပွဲတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ် မှ သဘာပတိ အဖြစ်ဆောင်ရွက်ပြီး ညွှန်ကြားရေးမှူးများ၊ စိတ်ပါဝင်စားသူ သုတေသီပညာရှင်များ တက်ရောက်ကြ၍ သိလို သည်များကို မေးမြန်း ဆွေးနွေးကြပါသည်။

### “Hunting-down the Genetic Diversity of Human and Veterinary Viruses: Catch Me if You can! ” နှင့် “Viral Hepatitis”

၂၀၁၂ ခုနှစ် ဇွန် လ ၅ ရက် မွန်းလွဲ ၂:၀၀နာရီတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာ စာကြည့်တိုက် အစည်းအဝေးခန်းမ၌ Professor Claude P. Muller, Institute of Immunology , National Public Health Laboratory/ CRP-Sante, Luxembourg သည် “Hunting-down the genetic diversity of human and veterinary viruses: Catch me if you can! ”ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်မှ Associate Professor Prapan Jutavijittum, Department of Pathology, Faculty of Medicine သည် “Viral Hepatitis” ခေါင်းစဉ် ဖြင့်လည်းကောင်း သုတေသနဟောပြောပွဲပြုလုပ်ခဲ့ပါသည်။



ဟောပြောပွဲတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး(သုတေသန) ဒေါက်တာလှိုင်မြတ်သူမှ သဘာပတိအဖြစ် ဆောင်ရွက်၍ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ၊ ဌာနခွဲမှူးများနှင့် စိတ်ပါဝင်စားသော သုတေသီပညာရှင်များ တက်ရောက်ကြ၍ သိလိုသည်များကို ဝိုင်းဝန်းမေးမြန်းဆွေးနွေးကြပါသည်။

## “(၂၀) ကြိမ်မြောက်ဒုလ္လဘရဟန်းခံ၊ သီလရှင်ဝတ်အလှူတော်မင်္ဂလာကျင်းပခြင်း”

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ (၂၀) ကြိမ်မြောက် ဒုလ္လဘရဟန်းခံ၊ သီလရှင်ဝတ်အလှူတော်မင်္ဂလာ အခမ်းအနားကို ၂၀၁၂ ခုနှစ် ဧပြီ လ ၆ ရက် တန်ခူးလပြည့်နေ့(သောကြာနေ့) တွင် ကျင်းပခဲ့ပါသည်။ ရှေးဦးစွာ ရဟန်းလောင်း(၁၀)ပါးသည် နံနက် ၆ နာရီတွင် ဆံချ၊ သင်္ကန်းတောင်း၍ ရှင်သာမဏေပြုပြီးနောက် နံနက် ၈ နာရီတွင် ရဟန္တာသိမ်တော်ကြီး၌ မူလမင်းကွန်းဆရာတော်အမှူးပြု၍ သံဃာတော်များမှ ဥပသမ္ပဒကံဆောင်ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးပြီး၊ နံနက် ၉:၂၀နာရီတွင် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်အမှူးပြု၍ ဆေးသုတေသနဦးစီးဌာန အရာထမ်း၊ အမှုထမ်းများက သိမ်ဆင်းလောင်းလှူကြပါသည်။






ထို့နောက် နံနက် ၁၀နာရီတွင် ဗဟိုဇီဝဆေးပညာစာကြည့်တိုက်အစည်းအဝေးခန်းမ၌ ရေစက်ချတရားတော်နာ အခမ်းအနားကို ကျင်းပရာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် မူလမင်းကွန်းကျောင်းတိုက် မှ ပဓာနနာယကဆရာတော်နှင့် ပင့်သံဃာတော်များ ကြွရောက်၍ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အရာထမ်း၊ အမှုထမ်းများ စုံညီစွာ တက်ရောက်ကြည်ညိုကြပါသည်။






ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့်ဧည့်ပရိတ်သတ်များက နမောတဿ” သုံးကြိမ်ရွတ်ဆိုဘုရား ကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီးနောက် ဆရာတော်ထံမှ ငါးပါးသီလခံယူကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပါသည်။ ဆရာတော်၊ သံဃာတော်များထံမှ ဆေးသုတေသနဦးစီးဌာန မိသားစုဧည့်ပရိတ်သတ်များက အနုမောဒနာတရားနာယူကြပြီးနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပါသည်။ ဆက်လက်၍ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင် မှ ဆရာတော်သံဃာတော်များထံ

နဝကမ္မအလှူတော်ငွေများလှူဒါန်းရာ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ် မှ လက်ခံရယူပါသည်။ ထို့နောက် ဒေါက်တာရဲထွဋ်မှ ရွှေမိုးငွေမိုးကြဲ၍ ဧည့်ပရိတ်သတ်များက ”ဗုဒ္ဓသာသနံစိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။ (၂၀)ကြိမ်မြောက် ဒုလ္လဘရဟန်းခံ၊ သီလရှင်ဝတ်အခမ်းအနားတွင် ဝန်ထမ်းများဖြစ်ကြသော ဦးအောင်မြင့်၊ ဒေါက်တာ မောင်မောင်မြ၊ ဦးအေးသာ၊ ဦးမြတ်မင်းဦး၊ ဦးထွန်းထွန်းဝင်း၊ ဦးခင်မောင်အုန်း၊ ဦးအောင်မျိုးဦး၊ ဦးထွန်းဝေ၊ ဦးကျော်စိုးမိုး၊ ဦးစောဘသန်းတို့အား ဥပသမ္ပဒကံဆောင်ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်၍ ဒေါ်ခင်မိုးလတ်၊ ဒေါ်မြမြစိမ်း၊ ဒေါ်ရီရီဝင်းနှင့် ဒေါ်စန္ဒာဝင်းတို့အား ဆရာကြီးဒေါ်ဉာဏစာရီ၏ သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင် သီလရှင်စာသင်တိုက်တွင် သီလရှင်များအဖြစ်ချီးမြှင့်ပေးနိုင်ခဲ့ပါသည်။

## “ဆေး/သု (အောက်) မိသားစု အတာသင်္ကြန် နှစ်သစ်ကူးပျော်ပွဲရှင်ပွဲ အခမ်းအနား”

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မိသားစု အတာသင်္ကြန်နှစ်သစ်ကူးပျော်ပွဲရှင်ပွဲ အခမ်းအနားကို ၂၀၁၂ ခုနှစ် ဧပြီ လ ၁၀ ရက်(အင်္ဂါနေ့) တွင်ဗဟိုဇီဝဆေးပညာစာကြည့်တိုက်တိုးချဲ့ဆောင်၌ စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ် နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဌာနခွဲမှူးများနှင့် ဌာနခွဲအသီးသီးမှ ဝန်ထမ်းများ စုပေါင်း၍ နှစ်သစ်ကူးသင်္ကြန်ပွဲကို တပျော်တပါး ဆင်နွှဲကြပါသည်။






ရွှေရင်အေးဖြင့်ကျွေးမွေးဧည့်ခံပြီးနောက် ဖျော်ဖြေပွဲအစီအစဉ်တွင် အစီအစဉ်တင်ဆက်သူများအဖြစ် ဒေါက်တာကျော်ဦးနှင့် ဒေါက်တာမိုးသီတာကျော်တို့မှ ဆောင်ရွက်ကြပါသည်။ ရှေးဦးစွာ ညွှန်ကြားရေးမှူး(သုတေသန) ဒေါက်တာမြတ်ဘုန်းကျော်မှ “ မြူမှောင်ဝေကင်း ” သင်္ကြန်သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ရာထူးအဆင့်အသီးသီးမှ အရာထမ်း၊ အမှုထမ်းများက သင်္ကြန်ယိမ်းအကများဖြင့် လည်းကောင်း၊ အဆိုအကတွဲဖက်၍ လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ ကြည့်ရှုအားပေးသူများမှ ဆုလက်ဆောင်ပန်းကုံးများဖြင့် ချီးမြှင့်ကြပါသည်။






ထို့နောက် ဝန်ထမ်းများနှင့် မိသားစုဝင်များ တပျော်တပါး ရေပက်ကစားကြပြီး မိသားစုအတာသင်္ကြန်အခမ်းအနားကို ပါဝင်ဆင်နွှဲကြသူများက “ မန်းတောင်ရိပ်ခို ”သီချင်းဖြင့် ပျော်ရွှင်စွာ စုပေါင်းသီဆိုကခုန်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

## “ မြန်မာနှစ်ဆန်းအန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲ”

၂၀၁၂ ခုနှစ် ဧပြီ လ ၁၇ ရက် (အင်္ဂါနေ့) မြန်မာနှစ်ဆန်း ၁ ရက်နေ့ တွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက် တိုးချဲ့ဆောင်၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပရာ ဒဂုံ ပရိယတ္တိစာသင်တိုက်မှ ပင့်သံဃာတော် (၅) ပါးကြွရောက်တော်မူကြပြီး ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ၊ ဌာနခွဲမှူးများတက်ရောက်၍ ဆရာတော်၊ သံဃာတော်များထံမှ သီလခံယူဆောက်တည်ပြီး အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြပါသည်။

   

ထို့နောက် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းအစုစုကို ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ်တို့မှ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပါသည်။

## “ဆဋ္ဌမ အကြိမ်မြောက် အဘိဓမ္မာသင်တန်းဖွင့်ပွဲ ”

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် အဘိဓမ္မာသင်တန်းများကို နှစ်စဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခုနှစ်တွင် ဆဋ္ဌမအကြိမ်မြောက်အဖြစ် ၁၈-၅-၂၀၁၂ (သောကြာနေ့) တွင် လူမှုဆေးပညာသုတေသနစာသင်ခန်းမတွင် အဘိဓမ္မာသင်တန်းဖွင့်ပွဲကျင်းပပါသည်။

   

သင်တန်းဖွင့်ပွဲတွင် အခမ်းအနားမှူးအဖြင့် ညွှန်ကြားရေးမှူး (သုတေသန) ဒေါက်တာခင်စောအေးမှ ဆောင်ရွက်ပြီး ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်မှ အမှာစကားပြောကြားပြီးနောက် မဟာသဒ္ဓမ္မဇောတိကဓဇ ဆုထူးပန် ဆရာဟန်မှ သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပါသည်။ ဆရာကြီးမှ ယင်းစာသင်ခန်းမတွင် အပတ်စဉ် သောကြာနေ့ မွန်းလွဲ ၁၂:၃၀ မှ ၂:၀၀အထိ အဘိဓမ္မာ (တတိယဆင့်) သင်ခန်းစာများကို သင်ကြားပေးမည် ဖြစ်ပါသည်။

# ရွှေရတုဆီသို့ ပျံသန်းခြင်း

ကမ္ဘာတစ်ရွာ ၊ အပြောဝန်းကျယ်
သုတေသနနယ်ပယ် ၊ အဆင့်ဆင့်ဆက်
စတင်မွေးဖွား ၊ လှမ်းဆင့်ခဲ့ရ
သုတေသီတို့ဘဝ... ... ။



မြေပြန့်တောင်တန်း၊ ပတ်ကုန်းဝန်းကျင်
မြစ်ချောင်းတစ်ကြော ၊ လွန်သာမောကို
ပြည်သူတွေအတွက် ၊ လှမ်းဆင့်ဖွေရှာ
ကျန်းမာရေးပြဿနာ ... ... ။



တီဘီ ၊ ငှက်ဖျား ၊ မျိုးဆက်ပွားနှင့်
သွေးလွန်တုပ်ကွေး ၊ မိခင်ကလေး
မကျန်ခဲ့စေရ ၊ သက်ကြီးရွယ်အိုဘဝ
ဆက်ကာဖွေရှာ ၊ အနာကြီးလဲပါ။

လူသားအကျိုး ၊ တောက်ရှူတွေးမျှော်
ကြိုးကုပ်ရှာဖွေ ၊ ကာကွယ်ဆေးတွေ
အသည်းရောင် " ဘီ " နဲ့ မြွေဆိပ်ဖြေဖို့
ထူးခြားထက်မြက် ၊ ဆေးစွမ်းထက်လို့
ကာကွယ်ပေးထား ၊ သုတေသနစွမ်းပကား ... ... ။

အခြေခံနှင့် အသုံးချ
သုတေသီသားချင်း ၊ လက်တွဲရင်းဖြင့်
ချစ်ခြင်းခင်ခြင်း ၊ ယုံကြည်ခြင်းများ
ဆပွားသစ်သစ် ၊ ခိုင်မြဲနှစ်မှာ
ကာလကြာလေ ၊ "ဖုရ" ခုမှသည်
စိန် ရွှေ ပတ္တမြား ၊ ရတုများဆီ
ဆောင်ယူပို့ပါ ၊ ပျံသန်းပါတော့ ... ပျံသန်းတော့ ... .. ... ။



ဝေဝေမြင့်

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အီလက်ထရောနစ်သတင်းလွှာ အယ်ဒီတာအဖွဲ့မှ ၂၀၁၁ ခုနှစ် ဇွန် လမှ စတင်၍ ၄ လလျှင် တစ်ကြိမ် စီစဉ်ဖြန့်ဝေပါသည်။